ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# အကြမ်းဖက်စစ်အုပ်စုအား စစ်လက်နက်များဝယ်ယူရရှိနိုင်စေရန် ပံ့ပိုးနေသော လုပ်ငန်းများဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၁/၂၀၂၂)

ရက်စွဲ။ ။ ဇန်နဝါရီလ (၂၅) ရက်၊ ၂၀၂၂ ခုနှစ်

၁။ မြန်မာနိုင်ငံ၏ တပ်မတော်အမည်ခံ အကြမ်းဖက်စစ်အုပ်စုသည် နိုင်ငံတော်ပုန်ကန်မှုနှင့် စစ်ရာဇဝတ်မှုများကို နည်းမျိုးစုံဖြင့် ကျူးလွန်လျက်ရှိရာ၊ ပြည်သူလူထုအား လက်နက်ငယ်မျိုးစုံဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်း၊ လက်နက်ကြီးများဖြင့် ကျေးရွာနှင့် စစ်ရှောင်စခန်းနေ အရပ်သား ပြည်သူများအား ပစ်ခတ်သတ်ဖြတ်ခြင်း၊ ရဟတ်ယာဉ်များအသုံးပြု၍ မြေပြင်ပေါ်မှ ပြည်သူများအား ပစ်ခတ်သတ်ဖြတ်ခြင်း၊ တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း စသည်တို့ကို နေ့စဉ်နှင့်အမျှ ပြုလုပ်လျက်ရှိသည်။ အဆိုပါ ရာဇဝတ်မှုများသည် Law of Armed Conflicts ၏ အခြေခံဥပဒေသများကို ချိုးဖောက်ခြင်းဖြစ်ပြီး၊ စစ်ရာဇဝတ်မှုများအဖြစ် နိုင်ငံတကာ တရားရုံးများနှင့် စစ်ခုံရုံးများတွင် အရေးယူရမည့် ပြစ်မှုများ ဖြစ်သည်။

၂။ ယင်းသို့ နိုင်ငံတော်ပုန်ကန်မှုနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ထားသည့် အကြမ်းဖက်စစ်အုပ်စုအား လက်နက်ဝယ်ယူရရှိနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များမှ စီးပွားရေးလုပ်ငန်းမျိုးစုံကို အမည်ခံ ယောင်ပြပြုလုပ်ပြီး လက်နက်ပွဲစားများအဖြစ် ကူညီပါဝင်လုပ်ဆောင်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စီးပွားရေး ဆိုင်ရာထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးမှ စိစစ်တွေ့ရှိရသည်။

၃။ အဆိုပါ စီးပွားရေးလုပ်ငန်းများသည် စစ်ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများကို အားပေး ကူညီနေသော လုပ်ငန်းများဖြစ်ကြောင်းထင်ရှားသဖြင့် အကြမ်းဖက်မှုနှင့် စစ်ရာဇဝတ်မှုအားပေးသော စီးပွားရေး လုပ်ငန်းများ အဖြစ် အမည်ပျက်စာရင်းသွင်းကြောင်း ယနေ့မှ စ၍ ကြေညာအပ်သည်။

၄။ သို့ဖြစ်ရာ အောက်ဖော်ပြပါ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သိုလှောင်ဖြန့်ဖြူးရောင်းချခြင်း၊ Business to Business ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်း အလျဉ်းမပြုလုပ်ကြရန်နှင့် အဆိုပါလုပ်ရပ်များကိုလည်း အကြမ်းဖက်မှုစစ်ရာဇဝတ်မှုကျူးလွန်ရန် ထောက်ခံအားပေးသော လုပ်ရပ်များအဖြစ် သတ်မှတ်ကြောင်း ကြေညာအပ်သည်။

(က) ဦးအေးကို- AK ကုမ္ပဏီအုပ်စု၊ Family Aye Ko ဆောက်လုပ်ရေး၊ A.K Construction & Industry၊ Clarity Construction & Trading နှင့် Axiom Mandalay Highway Construction ကုမ္ပဏီ

(ခ) ဒေါက်တာနိုင်ထွဋ်အောင်- International Gateway Group of company limited

(ဂ) ဒေါက်တာ အောင်မိုးမြင့်- Dynasty Group of Companies

(ဃ) ဦးစစ်တိုင်းအောင်- Suntac ကုမ္ပဏီအုပ်စု၊ Yatanarpon Aviation Support

(င) ဦးထွန်းလှိုင်- STE Global Trading ကုမ္ပဏီ

(စ) ဂျော်နသန်ကျော်သောင်း- KT Group and Ky-Tha Group

(ဆ) ဦးအောင်လှိုင်ဦး- Myanmar Chemical & Machinery (MCM) ကုမ္ပဏီအုပ်စု

(ဇ) ဦးတေဇ- ထူးကုမ္ပဏီ အုပ်စု

(ဈ) ဦးဇော်ဝင်းဦး- Trident Marine Co. Ltd.



ခင်မမမျိုး

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ